## (၂၃-၁၀-၂၀၂၀) မှ (၂၉-၁၀-၂၀၂၀)ထိ ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၆ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၉ ဖြင့်လည်းကောင်း၊ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်အမျိုးအစားများအားလုံး ဈေးကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံ တွင် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည် ကို သိရှိရပါသည်။

၃။ ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Reuters သတင်းတစ်ရပ်တွင် ဖော်ပြချက်အရ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်အဝယ် အော်ဒါသစ် မျှော်လင့်ချက်များကြောင့် ယခုတစ်ပတ်တွင် ဗီယက်နမ်ဆန် ပို့ကုန်ဈေးများ မြင့်တက်ခဲ့ပြီး ဗီယက်နမ် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၀ တွင် ရပ်တည်ခဲ့ရာက ယခုတစ်ပတ် တွင် တစ်တန်လျှင် ၄၈၅-၄၉၃ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင် အစိုးရက ဆန်တန်ချိန် သုံးသိန်း ဝယ်ယူရန် ကြိုးပမ်းနေခြင်းကြောင့် ဆန်ကုန်သည်များမှ ဆန် ကြိုတင် ဝယ်ယူသိုလှောင် လာကြသည့်အတွက်

ပြည်တွင်း ဆန်ဈေးများ မြင့်တက်လာခဲ့ကြောင်း ဟိုချီမင်းစီးတီးအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၄။ သို့ရာတွင် လတ်တလော ပြည်ပဝယ်လိုအား ပျော့နေခြင်းကြောင့် ယခုတစ်ပတ်အတွင်း အရောင်းအဝယ် အေးနေကြောင်းလည်း ဆန်ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံ၏ စက်တင်ဘာလ ဆန်တင်ပို့မှုသည် ယခင်လကထက် ၃၆.၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ချိန် ၃၈၅၄၂၉ တန်သာ ရှိခဲ့ကြောင်း သိရှိရပါသည်။ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဗီယက်နမ် ဆန်တင်ပို့မှုမှာ တန်ချိန် ၄.၉၉ သန်း ရှိခဲ့ပြီး နှစ်အလိုက် ၁.၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၅။ ထိုင်းဆန်ဈေးမှာ ပြည်ပမှ ဝယ်လိုအားပျော့လာမှုကြောင့် ခုနစ်ပတ်ဆက်တိုက် ဈေးနှုန်းများ ကျဆင်းလာခဲ့ပြီး ထိုင်းရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၄၇၀-၄၇၅ ဒေါ်လာကြား ရပ်တည်ခဲ့ရာက ယခုတစ်ပတ်တွင် ခုနစ်ပတ်မြောက် ဈေးကျဆင်းမှုအဖြစ် တစ်တန်လျှင် ၄၄၅-၄၇၅ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။ အဓိကအားဖြင့် ဝယ်လိုအား ကျဆင်းလာမှု ကာလရှည်လာခြင်းကြောင့် ဆန်ဈေးများ ကျဆင်းရခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့အခြေစိုက် ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။ ထို့ပြင် ယခုလကုန်တွင်လည်း စပါးရိတ်သိမ်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပြီးစီးတော့မည်ဖြစ်သဖြင့် ကောက်သစ်ပေါ်ချိန် ဖြစ်၍ ဆန်ရောင်းလိုအားသစ်များ ဖြစ်ပေါ်ကာ ဈေးနှုန်း ထပ်မံကျဆင်းနိုင်မည်ဟု မျှော်လင့်ထားကြကြောင်း သိရှိရပါသည်။

၆။ ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် တောင်ပိုင်းပြည်နယ်များ၌ စပါးများ ရင့်မှည့်ချိန် ရိတ်သိမ်းခါနီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စပါးအပါအဝင် သီးနှံ များစွာ ပျက်စီးခဲ့ရသော်လည်း ယခုတစ်ပတ် ငါးမှတ် ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲ မရှိပဲ တစ်တန်လျှင် ၃၇၆-၃၈၂ ဒေါ်လာတွင် ရပ်တည်နေသည်ကို တွေ့ရှိရပါသည်။ မိုးကြီးမှုကြောင့် ကမ်းရိုးတန်းဒေသရှိ မြို့နယ်၊ ခရိုင်များစွာတွင် စပါးသီးနှံများစွာ ပျက်စီးခဲ့ရပြီး အထွက်နှုန်းလည်း ကျဆင်းဖွယ်ရှိကြောင်း

တောင်ပိုင်းအန္တရပြည်နယ်၊ ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးကြီးမှုကြောင့် စပါးသီးနှံများ ပျက်စီးခဲ့ရပြီး ပျက်စီးမှု အတိုင်းအတာကို တိတိကျကျ ခန့်မှန်းရန် စောနေသေးကြောင်း သီးနှံစိုက်ပျိုးရေးဌာနမှ အရာရှိများ က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဈေးကွက်ကျွမ်းကျင်သူများက အစိုးရအနေဖြင့် ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် နှောင့်နှေးကြန့်ကြာနေခြင်းမျိုး မပြုလုပ်သင့်တော့ပဲ ဆန်တင်သွင်းမှု စတင် ရန် လိုအပ်လာပြီဖြစ်ကြောင်း အကြံပြု ပြောကြားကြသော်လည်း ဆန်တင်သွင်းရေး ဆုံးဖြတ်ချက် နှင့်ပတ်သက်၍ ဆိုင်းငံ့ထားဆဲဖြစ်ကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာနမှ အရာရှိများက ပြောကြားခဲ့ သည်ကို သိရှိရပါသည်။

၈။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် မြန်မာ့ဆန်ကွဲ တန်ချိန် ၃၀၀ ကို တရုတ်နိုင်ငံက ဝယ်ယူရန်အတွက် နှစ်နိုင်ငံကုမ္ပဏီအကြား ရောင်းဝယ်ရေး စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၊ နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးရုံးတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် ကွမ်ရှီး (ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Guangxi ShengWeiDa International Trading Co., Ltd က မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တရားဝင် တင်သွင်းခွင့် ရရှိထားသော Adipati Agricultural Produce Trading Limited ထံမှ A 1-2 Sortexed အမျိုးအစား ဆန်ကွဲ မက်ထရစ်တန်ချိန် (၃၀၀) အား တစ်တန် လျှင် အမေရိကန်ဒေါ်လာ (၃၄၅) ဒေါ်လာဖြင့် ဝယ်ယူသည့် စာချုပ်တစ်ရပ်အား လက်မှတ်ရေး ထိုးခဲ့ကြောင်း သိရှိရပါသည်။

၉။ Guangxi ShengWeiDa International Trading Co.,Ltd ကုမ္ပဏီသည် Adipati Agricultural Produce Trading Limited ထံမှ A 1-2 Sortexed အမျိုးအစားနှင့် B 1-2 Sortexed အမျိုးအစား ဆန်ကွဲများအား အရည်အသွေး ကောင်းမွန်ခြင်းကြောင့် ဝယ်ယူ တင်သွင်း လျက်ရှိပြီး ယခုနှစ်အတွင်း အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံမှ A 1-2 Sortexed

အမျိုးအစား ဆန်ကွဲ ၁၈၅၀ တန်နှင့် B 1-2 Sortexed အမျိုးအစား ဆန်ကွဲ ၁၀၀ တန်၊ စုစုပေါင်း ဆန်ကွဲ တန်ချိန် ၁၉၅၀ အား ဝယ်ယူထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

၁၀။ မြန်မာ့ဆန်ကွဲကို နိုင်ငံပေါင်း ၆၀ သို့ တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂ(အီးယူ)ဈေးကွက်နိုင်ငံများ၊ အာဖရိကနိုင်ငံများသို့ အဓိက တင်ပို့ နေခြင်း ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလထိ (ယာယီ) စာရင်းများအရ ပြည်ပသို့ မြန်မာ့ဆန်ကွဲ တင်ပို့မှု တန်ချိန် ၉၇၆၄၃၄.၂၄၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၆.၄၂၅ သန်းရရှိထားကြောင်း သိရှိရပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆန်ကွဲ အများဆုံးတင်ပို့နိုင်သည့် နိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ ဆီနီဂေါ၊ တရုတ်၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ ဗြိတိန်၊ ဂါနီယာ၊ ထိုင်း၊ ပိုလန်၊ မလေးရှားနှင့် ဂမ်ဘီယာနိုင်ငံတို့ ဖြစ်ကြပါသည်။

၁၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ(ယာယီ) စာရင်းများ အရ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုအနေဖြင့် ဆန်တန်ချိန် ၁.၆၁၀ သန်းခန့်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၅၂၇.၉၆၃ သန်း၊ ဆန်ကွဲ တန်ချိန် ၀.၉၇၆ သန်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၆၆.၄၂၅ သန်းခန့် တင်ပို့နိုင်ပြီး၊ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းအနေဖြင့် တန်ချိန် ၂.၅၈၆ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၉၄.၃၈၈ သန်း တင်ပို့နိုင်ခဲ့သည်ကို သိရှိရပြီး ဆန်ကွဲ တင်ပို့မှု ၃၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

၁၂။ ယခင်ဘဏ္ဍာနှစ် ကာလတူတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂.၃၅၆ သန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၉.၆၉၄ သန်း တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် တန်ဖိုး အမေရိကန် ဒေါ်လာ ၈၄.၆၉၄ သန်း၊ တန်ချိန် ၀.၂၃၀ သန်း တင်ပို့မှုပိုမိုခဲ့ကြောင်း ကုန်သွယ်မှု စာရင်းဇယား များအရ သိရှိရပါသည်။ ယင်းတင်ပို့မှုများသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ တစ်ဆင့် တင်ပို့နိုင်ခြင်း ဖြစ်ပါသည်။

၁၃။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ (ယာယီ) စာရင်း များအရ ဆန်နှင့်ဆန်ကွဲ အများဆုံး တင်ပို့နိုင်ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယမ်၊

ဖိလစ်ပိုင်၊ မလေးရှား၊ ဆီနီဂေါ၊ Madagascar ၊ အင်ဒိုနီးရှား၊ ပိုလန်၊ Guinea ၊ COTE D’IVOIRE ၊ မိုဇမ်းဘစ်၊ UK ၊ စပိန်၊ တိုဂိုနှင့် ကင်ညာနိုင်ငံတို့ ဖြစ်ကြပါသည်။

၁၄။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၁၉၆ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ၂၅ % ဆန်တစ်အိတ်လျှင် ၂၂၅၄၀ ကျပ်မှ ၂၃၅၂၀ ကျပ်ကြား ပေါက်ဈေး ရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် ၁ ဘတ်လျှင် ၄၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၅။ တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၃၀၀ ကျပ်၊ မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၁၉၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ကျိုင်းတုံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၁၁၅၀ ကျပ်၊ ဘားအံမြို့တွင် ၁၁၀၀ ကျပ်နှင့် စစ်တွေမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၆။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၀.၃၃ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများ တွင် အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။